# သုံးရကောင်းတဲ့ keyboard နဲ့ HP Folio 13 Ultrabook

HP FOLIO 13 က အပေါ့ပါးဆုံးနဲ့ အပါးလွှာဆုံး Ultrabook တော့မဟုတ်ပါဘူး။ ဒါပေမဲ့ စွမ်းဆောင်ရည် ကောင်းကောင်းနဲ့ အချိန်ကြာကြာသုံးလို့ရတဲ့ battery ပါပါတယ်။ ပြီတော့ စာရိုက်ရာမှာလည်း သက်တောင့်သက်သာရှိလှပါတယ်။

Battery အပါအဝင် ၄ ပေါင်လေးတဲ့ ၈၉၉ ဒေါ်လာတန် consumer unit မှာ Intel Core i5-246M CPU ၊ 1333MHz 4GB DDR3 RAM ၊ စွမ်းဆောင်ရည်တိုးမြှင့်ဖို့ 128GB solid-state drive တို့ ပါဝင်ပါတယ်။ ၁၃.၃ လက်မရှိတဲ့ 1366 x 768 display က တောက်ပြောင်ပြီး နောက်ခံမီးကို အသုံးပြုတဲ့ display ဖြစ်ပါတယ်။ ၉၉၉ ဒေါ်လာတန် စီးပွားရေးသုံးမှာတော့ လုံခြုံရေးအတွက် TPM (Truted Platform Module) ကို ထည့်ထားပြီး Windows7 Home Premium အစား Professional version ကို ထည့်သွင်းပေးထားပါတယ်။

World Bench 6 အမှတ်ပေးစနစ်မှာ ၁၁၈ မှတ်ရထားတယ်ဆိုတာ core i5 PC အတွက်ကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ သုံးနေတုန်းမှာ နည်းနည်းတော့ စိတ်ပျက်စရာကောင်းပါတယ်။ Gaming frame rate က ဆိုးဝါးပါတယ်။ ဒါပေမဲ့ ရုပ်ရှင်ကြည့်ရင်တော့ ငြိမ့်ငြိမ့်ညောင်းညောင်းနဲ့ ကြည့်လို့ကောင်းပါတယ်။ Battery ကတော့ ပြန်လဲလို့ မရပေမဲ့လည်း သုံးရင် ၆ နာရီ နဲ့ ၄၆ မိနစ်လောက်အထိ ကြာကြာခံပါတယ်။

Keyboard က အသုံးပြုရတာကောင်းပြီး သူရဲ့ key တွေက



Ultrabook တွေထက်ပိုပူပြီး ပိုလေးပေမယ့် HP Folio 13 ကို အကြိုက်တွေ့ကြမှာပါ။

ultraportable မှာ ရှိတာထက်ပိုပါတယ်။ ခြုံငုံကြည့်ရင်တော့ ဒီ PC က မဆိုးပါဘူး။ Touch က အကြီးကြီးဆိုတော့ ကောင်းပါတယ်။ ဒါပေမဲ့ ခုခံအားက laptop တော်တော်များများထက်ကို မြင့်ပါတယ်။ Speaker က အသံကျယ်ပေမယ့် အသံထွက်လုံးနေတာကတော့ ultrabook တွေရဲ့ အသံဆိုင်ရာပြစ်ချက်တစ်ခု ဖြစ်ပါတယ်။

# PowerDVD 12 Ultra : ဘက်စုံသုံး Media Player

ဒေါ်လာ ၁၀၀ တန် CYBERLINK's PowerDVD 12 Ultra က bluray/DVD/music/video အားလုံးကို ဖွင့်နိုင်တဲ့ player ဖြစ်ပါတယ်။ ရုပ်ရှင်တွေကို ပိုကြည့်လို့ကောင်းစေပြီး အသံလည်း ပိုနားထောင်လို့ ကောင်းအောင် လုပ်ထားပါတယ်။ File type အမျိုးပေါင်းများစွာကိုလည်း ဖွင့်ပေးနိုင်ပါတယ်။




CyberLink MovieLive database နဲ့ တွဲဖက်လုပ်ကိုင်ပေးနိုင်တဲ့ PowerDVD12

Bluray အတွက် version 12 က True Theater 3D ထည့်ပေးထားပါတယ်။ True Theater 3D က 2D ရုပ်ရှင်ကို 3D ပုံစံမျိုးပြောင်းပေးတာဖြစ်ပါတယ်။ အရင်တုန်းကတော့ DVD ရုပ်ရှင်တွေမှာပဲ သုံးလို့ရပါတယ်။ အခြားလုပ်ဆောင်နိုင်စွမ်းတစ်ခုကတော့ အဖွဲ့အစည်းတွေ၊ streaming လုပ်တာတွေ၊ mobile ပစ္စည်းတွေနဲ့ လူမှုရေးကွန်ရက်တွေကို ချိတ်ဆက်ထားတာ ဖြစ်ပါတယ်။ ပြောင်းလဲပြင်ဆင်ထားတဲ့ interface ကတော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ စမ်းသပ်မှုမှ media library သုံးတာတွေ၊ တစ်နေရာမှတစ်နေရာကို သွားတဲ့နေရာတွေမှာ နှေးပါတယ်။ နည်းပညာအမြင့်တွေရဲ့ မကောင်းတဲ့အချက်ကတော့ resource များများလိုတာပဲ ဖြစ်ပါတယ်။ Power DVD 9 က program တွေ သုံးတာတောင် memory 500MB လောက်ကုန်ပါတယ်။ တကယ်ဖွင့်ရင်တော့ အရည်အသွေး တော်တော်ကောင်းပါတယ်။

ဒေါ်လာ ၈၀ တန် professional version ကိုလည်း ရွေးချယ်နိုင်ပါတယ်။ သူက bluray ကိုဖွင့်နိုင်ပေမယ့် streaming လုပ်ဆောင်ချက်နဲ့ 7.1 audio codec လုပ်ဆောင်ချက်ကိုတော့ မရနိုင်ပါဘူး။ ဒေါ်လာ ၅၀ တန် standard version ကတော့ bluray ဖွင့်လို့မရတာကြောင့် အလကားရတဲ့ အခြားအမျိုးအစားတွေနဲ့ ယှဉ်ရင် ဘာမှမထူးပါဘူး။

# PlayStation Vita : ကြီးမားလှပတဲ့ ကစားစရာစက်

Phone နဲ့ tablet တွေက ပိုပြီးစွမ်းရည်ထက်လာပြီး ဈေးလည်း သက်သာကာနေရာတိုင်းမှာလည်း ရနိုင်ပါတယ်။ နေ့တိုင်း သယ်သွားလို့ရတဲ့ ဒီပစ္စည်းတွေအတွက် ဈေးမကြီးတဲ့အကောင်းစား game တွေလည်း ရရှိနေပြီသားပါ။ ဒါဆိုရင် ဒေါ်လာ ၂၅၀ တန် game ပဲ ကစား လို့ရတဲ့ Sony ရဲ့ PlayStation Vita ဝယ်ကိုင်စရာ ဘယ်လို အကြောင်းအရာများ ရှိဦးမှာလဲ။ ဒီစက်နဲ့ အချိန်မဖြုန်းနိုင်သေးသရွေ့ ကိုင်စရာအကြောင်း မရှိဘူးလို့ ထင်ပါတယ်။

## အလွန်ကောင်းတဲ့ design

အတိုင်းအတာအနေနဲ့ကတော့ အကျယ် ၇ လက်မကျော်နဲ့ အရှည် ၃ လက်မ ရှိပါတယ်။ ဒီစက်ဟာ တော်တော်လေးကို ပေါ့ပါတယ်။ ချိုးလို့ ကွေးလို့ မရတဲ့ plastic cover ကျေးဇူးကြောင့်ပါ။ ကစားစရာ ခလုတ်တွေရှိတဲ့ လက်ကိုင်က ကိုင်ရတာ အဆင်ပြေပြီး ကိုင်ရတာ ထုနဲ့ထည်နဲ့ရှိတယ်လို့ ခံစားရစေပါတယ်။ ၂၉၉ ဒေါ်လာတန် 3G ပါတဲ့ စက်ရဲ့ အလေးချိန်က ၁၀ အောင်စထက် နည်းပါတယ်။ ဒေါ်လာ ၂၅၀ တန် Wi-Fi version က ပေါ့ပါးပြီး ၉ အောင်စနဲ့ စံချိန်ချိုးသွားပါတယ်။

Vita ရဲ့ ၅ လက်မ capacitive touch-screen က ကြီးပြီး multitouch လည်းလုပ်လို့ ရပါတယ်။ Display က အရောင်တောက်ပတဲ့အတွက် နေရောင်အောက်မှာလည်း ကစားတာ၊ ရုပ်ရှင်ကြည့်တာတို့ လုပ်လို့ရပါတယ်။ Screen ပေါ်က အရာတွေကို ရှုထောင့်စောင်းစောင်းက ကြည့်တာတောင် ထင်ထင်ရှားရှား မြင်ရပါတယ်။ တောက်ပြောင်တဲ့ screen က လွယ်လွယ်ကူကူနဲ့ မဝေဝါးသွားပါဘူး။ Resolution ကတော့ 960 x 544 pixels ရှိပါတယ်။ ဒါပေမဲ့ iPhone 4S လောက် ကြည်လင်ပြတ်သားမှု မရှိပါဘူး။ လက်ကိုင် game စက်တွေမှာ တွေ့ရတာထက်တော့ တော်တော်ကောင်းပါတယ်။

တောက်ပကြီးမားတဲ့ touchpad နောက်ဘက်မှာ ကိုယ်ထည်ဆောက်ထားတာဖြစ်လို့ Vita ကို ကိုင်တဲ့နေရာမှာ touchpad ကို မတော်တဆ မထိမိအောင် ကိုင်ဖို့ကို အတော်လေ့ကျင့်ယူရပါတယ်။

## ဈေးနှုန်းမြင့်မားတဲ့ သိုလှောင်မှု

အချက်အလက်တွေ သိမ်းဆည်းထားဖို့ Vita memory card ကိုတော့ ရင်းရပါလိမ့်မယ်။ အဲဒါက ပမာဏ အမျိုးမျိုးနဲ့ရနိုင်ပြီး ဈေးလည်း အလွန်ကြီးပါတယ်။ အနစမ်းသပ်ထားတဲ့ unit ကတော့ 16GB ပါရှိပါတယ်။ လက်ရှိရောင်းနေတဲ့ဈေးကတော့ တစ် card ကို ဒေါ်လာ ၆၀ နဲ့ပါ။ ပိုက်ဆံနည်းနည်းပဲ သုံးချင်တယ်ဆိုရင် ဒေါ်လာ ၂၀ တန် 4GB Vita card ရှိပါတယ်။ ဒါပေမဲ့ သီချင်းများများနဲ့ game များများ သွင်းချင်တယ်ဆိုရင် 32GB ဒေါ်လာ ၁၀၀ တန်ကို သုံးသင့်ပါတယ်။ ဒီဈေးနှုန်းကတော့ ဓားပြတိုက်နေသလိုပါပဲ။ သာမန် 32GB SanDisk SDHC card ကတောင် ဒေါ်လာ ၃၀ ပဲ ရှိပါတယ်။

## အရမ်းမိုက်တဲ့စွမ်းဆောင်ရည်

Vita ထဲမှာ quad-core PowerVR Series 5XT SGX543MP4+ graphic processor ပါဝင်ပါတယ်။ ဒီ GPU က ရုပ်ရှင်တွေ game တွေကို အထစ်အငေါ့တစ်ချက်မှမပါဘဲနဲ့ ပုံဖော်ပေးနိုင်ပါတယ်။ စမ်းသပ်မှုမှာတော့ graphic အရမ်းလိုတဲ့ game တွေကို ကစားပြီး စမ်းသပ်ထားတာဖြစ်ပါတယ်။ ဒီ game တွေကတော့ Lumines Electronic Symphony၊ Super Stardust Delta ၊ Ultimate Marvel vs. Capcom3 and Uncharted : Golden Abyss တို့ ဖြစ်ပါတယ်။ ဒီ game တွေအားလုံးကို စမ်းသပ်ရာမှာ frame လည်း မပျောက်၊ ထစ်ငေါ့နေခြင်းလည်း မရှိတဲ့အတွက် အရမ်းအံ့သြဖို့ ကောင်းပါတယ်။




PlayStation Vita ပေါ်မှာ game တော်တော်များများက ကစားရတာကောင်းပါတယ်။

နောက်ထပ် လေးစားစရာတစ်ခုကတော့ battery သက်တမ်းပဲဖြစ်ပါတယ်။ စမ်းသပ်မှုမှာ အလင်းရောင်အမြင့်ဆုံး၊ အသံအကျယ်ဆုံးနဲ့ game တွေကစား၊ သီချင်းတွေနားထောင်၊ ရုပ်ရှင်တွေကြည့်ပြီး စမ်းသပ်ခဲ့ရာမှာ ၅ နာရီအောက်ကို ရအောင် မနည်းလုပ်ခဲ့ရပါတယ်။ ကျေးဇူးတင်စရာကောင်းတာက Vita ရဲ့ battery ကို AC adapter ကနေ အားသွင်းရာမှာ မိနစ် ၉၀ လောက်ပဲကြာပါတယ်။ စမ်းသပ်တဲ့စက်က 3G ရပေမယ့် 3G SIM card မရှိတဲ့အတွက် AT&T 3G စွမ်းဆောင်ရည်ကို မစမ်းခဲ့ရပါဘူး။ နောက်ဆုံးပြောရရင်တော့ PlayStation Vita က smartphone နဲ့ tablet တို့ထက် game ကောင်းကောင်း ကစားချင်ရင်တော့ ပေးရတာ တန်ပါတယ်။ ဒီအပြင် Vita ရဲ့အရွယ်အစားနဲ့ Sony's deconian memory card ဈေးကို မမှုရင်တော့ အစွမ်းထက်တဲ့ portable game စက်တွေထဲမှာ အကောင်းဆုံးပါပဲ။■

# Top 10 All-Purpose Laptops

LAB TESTED

| | MODEL | | Rating | Performance | Features and specifications |
|---|---|---|---|---|---|
| 1 |  | BEST BUY Dell XPS 14z<br>$1199<br>find.pcworld.com/72431 | ★★★★☆<br>VERY GOOD | • WorldBench 6 score: 136<br>• WorldBench 6 rating: Superior<br>• Overall design: Very Good<br>• Tested battery life: 5:29 | • 2.8GHz Core i7-2640M<br>• 14.0-inch widescreen<br>• 4.4 pounds<br>• 750GB hard drive |
| | | ▸ Dell's XPS 14z offers a balanced approach to a thin-and-light, full-featured laptop, but it has only two USB ports. | | | |
| 2 |  | HP Pavilion dv6<br>$799<br>find.pcworld.com/72074 | ★★★★☆<br>VERY GOOD | • WorldBench 6 score: 117<br>• WorldBench 6 rating: Very Good<br>• Overall design: Superior<br>• Tested battery life: 4:41 | • 2.3GHz Core i5-2410M<br>• 15.6-inch widescreen<br>• 5.7 pounds<br>• 640GB hard drive |
| | | ▸ HP's Pavilion dv6 is a classy-looking (though slightly bulky) laptop with a good mix of features for its price. | | | |
| 3 |  | Lenovo ThinkPad T420<br>$1249<br>find.pcworld.com/72209 | ★★★★☆<br>VERY GOOD | • WorldBench 6 score: 124<br>• WorldBench 6 rating: Very Good<br>• Overall design: Very Good<br>• Tested battery life: 8:37 | • 2.5GHz Core i5-2520M<br>• 14.0-inch widescreen<br>• 5.2 pounds<br>• 500GB hard drive |
| | | ▸ The venerable ThinkPad T420's staid countenance belies this machine's outstanding performance, reliability, and features. | | | |
| 4 |  | MSI X460DX<br>$849<br>find.pcworld.com/72432 | ★★★★☆<br>VERY GOOD | • WorldBench 6 score: 120<br>• WorldBench 6 rating: Very Good<br>• Overall design: Very Good<br>• Tested battery life: 6:04 | • 2.3GHz Core i5-2410M<br>• 14.0-inch widescreen<br>• 4.5 pounds<br>• 500GB hard drive |
| | | ▸ A well-rounded system, the MSI X460DX is a slim yet powerful all-purpose notebook available at a fairly affordable price. | | | |
| 5 |  | Gateway ID47H02u<br>$699<br>find.pcworld.com/72435 | ★★★★☆<br>VERY GOOD | • WorldBench 6 score: 116<br>• WorldBench 6 rating: Very Good<br>• Overall design: Superior<br>• Tested battery life: 7:04 | • 2.3GHz Core i5-2410M<br>• 14.0-inch widescreen<br>• 4.5 pounds<br>• 500GB hard drive |
| | | ▸ Though the ID47H02u isn't the fastest or most full-featured laptop, Gateway has hit the nail on the head in its design and overall appeal. | | | |
| 6 |  | Asus U46SV<br>$899 NEW<br>find.pcworld.com/72727 | ★★★★☆<br>VERY GOOD | • WorldBench 6 score: 123<br>• WorldBench 6 rating: Very Good<br>• Overall design: Very Good<br>• Tested battery life: 6:41 | • 2.4GHz Core i5-2430M<br>• 14.0-inch widescreen<br>• 4.9 pounds<br>• 750GB hard drive |
| | | ▸ This stylish all-purpose laptop offers great performance, but it's heavy—and you have to remove software bloat to fully appreciate it. | | | |
| 7 |  | Lenovo ThinkPad Edge E420<br>$719<br>find.pcworld.com/72076 | ★★★★☆<br>VERY GOOD | • WorldBench 6 score: 98<br>• WorldBench 6 rating: Good<br>• Overall design: Superior<br>• Tested battery life: 5:05 | • 2.1GHz Core i3-2310M<br>• 14.0-inch widescreen<br>• 4.7 pounds<br>• 500GB hard drive |
| | | ▸ Lenovo's affordable, not-too-heavy Edge E420 has an admirable keyboard, but users seeking strong performance should look elsewhere. | | | |
| 8 |  | Lenovo IdeaPad U400<br>$840 NEW<br>find.pcworld.com/72728 | ★★★½☆<br>VERY GOOD | • WorldBench 6 score: 112<br>• WorldBench 6 rating: Very Good<br>• Overall design: Very Good<br>• Tested battery life: 4:45 | • 2.4GHz Core i5-2430M<br>• 14.0-inch widescreen<br>• 4.3 pounds<br>• 750GB hard drive |
| | | ▸ You won't find a more stylish or more capable all-purpose laptop than the IdeaPad U400, though it needs a Blu-ray drive option. | | | |
| 9 |  | Sony VAIO S Series<br>$1000 NEW<br>find.pcworld.com/72729 | ★★★½☆<br>VERY GOOD | • WorldBench 6 score: 112<br>• WorldBench 6 rating: Very Good<br>• Overall design: Good<br>• Tested battery life: 4:51 | • 2.4GHz Core i5-2430M<br>• 15.5-inch widescreen<br>• 4.3 pounds<br>• 640GB hard drive |
| | | ▸ Sony's VAIO S Series won't win awards for performance or multimedia, but it's a terrific light laptop for business professionals. | | | |
| 10 |  | HP Envy 15<br>$1250 NEW<br>find.pcworld.com/72730 | ★★★½☆<br>VERY GOOD | • WorldBench 6 score: 119<br>• WorldBench 6 rating: Very Good<br>• Overall design: Good<br>• Tested battery life: 5:15 | • 2.4GHz Core i5-2430M<br>• 15.6-inch widescreen<br>• 5.8 pounds<br>• 500GB hard drive |
| | | ▸ HP might have a satisfying performance laptop in the Envy 15, if it addressed problems with the touchpad and color calibration. | | | |

CHART NOTES: Ratings are as of 2/27/12. Tested battery life is expressed in hours:minutes. Listed weights do not include the power adapter.

# Samsung Galaxy Note : အရမ်းကောင်းပါတယ်၊ ဒါပေမဲ့ အားလုံးတော့ မဟုတ်ပါဘူး

၂ နှစ်စာချုပ်နဲ့ ဒေါ်လာ ၃၀၀ တန် Samsaung Galaxy Note ဟာ ၅.၃ လက်မရှိတဲ့ phone ဖြစ်ပါတယ်။ ကညစ်တံလို ပုံစံမျိုး စာရေးတံ တစ်ချောင်းလည်း ပါပါတယ်။ ဒီ phone ဟာ AT&T ရဲ့ 4G LTE network မှာပဲ အလုပ်လုပ်ပါတယ်။ သူ့ရဲ့ S Pen က phone ရဲ့ user interface နဲ့ ကောင်းကောင်း အလုပ်လုပ်ပါတယ်။ ဒါပေမဲ့ ဒီပစ္စည်းမှာ ဒီ pen နဲ့ အလုပ်လုပ်နိုင်တဲ့ application များများရှိပါစေလို့ ဆုတောင်းပါတယ်။

## Tablet လား၊ Phone လား

၅.၃ လက်မရှိတဲ့ display က Note ကို phone အနေနဲ့ရော tablet အနေနဲ့ပါ ဖြစ်သွားစေပါတယ်။ ပေါ့ပါတယ်။ ဒါပေမဲ့ လက်ဝါးတစ်ပြင်တည်းနဲ့ကိုင်ဖို့ နည်းနည်းကြီးနေပါတယ်။ အတိုင်းအတာအနေ နဲ့ကတော့ ၅.၇၈ × ၃.၂၇ × ၀.၃၈ လက်မ ရှိပါတယ်။ အလေးချိန်ကတော့ ၆.၂၈ အောင်စ လေးပါတယ်။ Display ရဲ့ အောက်မှာ အထိအတွေ့ကို အာရုံခံနိုင်တဲ့ Menu ၊ Home ၊ Back ၊ Search တို့ အပြင်အသံအတိုးအကျယ်နဲ့ power စတဲ့ လမ်းညွှန်ခလုတ်လေးတွေ ပါပါတယ်။ အောက်ဘက်မှာတော့ S pen ထည့်ဖို့ အတွက် အကန့်လေး ပါပါတယ်။



S Pen stylus နဲ့ Galaxy Note

Galaxy Note ရဲ့ ၅.၃ လက်မ display က 1280 by 800 pixels resolution ရှိပြီး HD Super AMOLED နည်းပညာကို အသုံးပြုထားပါတယ်။ Note က ပုံနဲ့စာသားတွေကို ကောင်းကောင်း ဖော်ပြနိုင်ပါတယ်။ ပြီးတော့ ကြည်ပြီးပြတ်သားပါတယ်။ ဒါပေမဲ့ AMOLED display ဖြစ်တဲ့အတွက် အရောင်ကအရမ်းတောက်လွန်းပြီး၊ အသားရဲ့ အရောင်ကနည်းနည်းအနီရောင် တောက်နေပါတယ်။ အဖြူရောင်က အဝါရောင်အရိပ် နည်းနည်းသန်းနေပါတယ်။ အရောင် အရမ်းတောက်နေတာက မကောင်းတဲ့အရာတော့ မဟုတ်သေးပါဘူး။ Note ရဲ့ အရောင်က စိုတယ်၊ တောက်ပတယ်၊ အနက်ရောင်က တော်တော်လေးကို ပီသပါတယ်။ Galaxy မှာ မှတ်စုမှတ်သားဖို့နဲ့ ပုံဆွဲဖို့အတွက် Wacom က လုပ်တဲ့ S pen ပါပါတယ်။ Wacom လုပ် S pen ကဘယ်သန်သမားပဲ ဖြစ်ဖြစ်၊ ညာသန်သမားပဲဖြစ်ဖြစ် အသုံးပြုလို့ရပါတယ်။ ပြီးတော့ S pen က သက်ရောက်မှုတိုင်းကို ဖော်ပြနိုင်ပါတယ်။ Note ရဲ့ display ပေါ်မှာ ပိုဖိပြီးရေးလေလိုင်းက ပိုထူပြီး ပိုနက်လေပါပဲ။

## Apps နဲ့ Pen

Note က နောက်ဆုံးပေါ် Android 2.3.6 (Gingerbread) ကို အသုံးပြုထားပါတယ်။ User interface ကတော့ Samsung Galaxy SII phone နဲ့ တူတဲ့ TouchWiz interface ဖြစ်ပါတယ်။ Note မှာ software တွေပါပြီးသားအပြင် pen အတွက် အထူးပြုလုပ်ထားတဲ့လှုပ်ရှားမှု ပုံသဏ္ဍာန်တွေ ပါပြီးသားဖြစ်ပါတယ်။ အရမ်းအသုံးဝင်တဲ့ application ကတော့ S Memo Lite ဖြစ်ပါတယ်။ Phone ထဲက ဘယ်နေရာမှာမဆို ရေးမှတ်ထားလို့ရပါတယ်။ S Memo Lite ကို သုံးမယ်ဆိုရင် pen ပေါ်က ခလုတ်ကလေးကို နှိပ်ပြီး display ကို နှစ်ချက် ထိလိုက်ရင်ရပါပြီ။

Screenshot တွေကိုလည်းပဲ ရိုက်ယူထားလို့ရပါတယ်။ ကိုယ်ရိုက်ယူချင်တဲ့နေရာမှာ pen ဖိထားလိုက်ရုံပါပဲ။ ပြီးရင် ရိုက်ထားတဲ့ပုံကိုတည်းဖြတ်တဲ့ application ကို ဖွင့်ပြီး မလိုချင်တဲ့နေရာကို ဖြတ်လို့ရစေပါတယ်။ Galaxy Note မှာ စာရေးဖို့ နည်းနည်းတော့ အလေ့အကျင့်ယူရပါတယ်။ ဒါပေမဲ့ အကြံဉာဏ်တွေ၊ သတိပေးချက်တွေကို ရေးမှတ်လို့ရနိုင်တာက အကြိုက်တွေ့စေမှာပါ။ Keyboard မှာလည်း pen mode ပါပါတယ်။ အဲ့ဒါက ရေးလိုက်တာတွေကို စာသားတွေအဖြစ် ပြောင်းပေးမှာ ဖြစ်ပါ တယ်။ ဒီလိုစာသားတွေ ပြောင်းပေးရာမှာ အတော်မှန်မှန် ပြောင်းပေးနိုင် ပါတယ်။

အခုရွေးချယ်ထား တဲ့ pen နဲ့ အသုံးပြု နိုင်တဲ့ application က တော့ bit anemic ဖြစ်ပါတယ်။ ဒါပေမဲ့ ထည့်ပေးထားတဲ့ pen အသုံးပြုတဲ့ application တွေကတော့ Polaris Office ၊ S memo နဲ့ Crayon Physics game တို့ ဖြစ်ပါတယ်။ Polaris နဲ့ documents ၊ spreadsheets နဲ့ slideshow presentation ကို ဖန်တီးနိုင်ပါတယ်။ ပြီးတော့ AT&T နဲ့ Samsung က ထည့်ပေးထားတဲ့ application ကိုလည်း ရှာ တွေ့နိုင်ပါတယ်။

## လုပ်ဆောင်နိုင်မှုစွမ်းရည်

Galaxy Note မှာ 1.5GHz dual core Qualcomm processor ပါပါတယ်။ Graphic အရမ်းစားတဲ့ game တွေနဲ့ စမ်းသပ်ရာမှာလည်း တော်တော်ကောင်းတာတွေ့ရပါတယ်။ Game တွေကို သူ့ရဲ့ display မှာကစားရတာ အရမ်းမိုက်ပါတယ်။ 1080p ရှိတဲ့ ရုပ်ရှင်တွေမှာလည်း အထစ်အငေါ့ မရှိပါဘူး။

ပြီးတော့ FCC အသိအမှတ်ပြု Ookla app နဲ့ San Francisco က AT&T LTE network မှာ Galaxy Note ရဲ့ အချက်အလက်ကူးပြောင်း နှုန်းကို စမ်းသပ်ခဲ့ပါတယ်။ Download နှုန်းကတော့ ပျမ်းမျှအားဖြင့် 24.64 Mbps ရှိပါတယ်။ ပျမ်းမျှ upload speed ကတော့ 8.78 Mbps ရှိပါတယ်။ ၂ ခုလုံးက တော်တော်လေးကို မြန်ပါတယ်။

Phone ခေါ်ဆိုမှုကတော့ AT&T's network ပေါ်မှာ တော်တော်လေးကိုကောင်းပါတယ်။ Phone ခေါ်ဆိုတဲ့အသံက ကြည်လင်ပြီးတော့ နဂိုအသံ အတိုင်းလည်း ထွက်ပါတယ်။ Phone ခေါ်ဆိုတဲ့ဘက်မှာလည်း အသံ အနှောင့်အယှက် တစ်ခုမှ မရှိပါဘူး။ စမ်းသပ်ရာမှာ Galaxy Note က တစ်ရက်စာလောက်ခံပါတယ်။ 8 megapixels ရှိတဲ့ camera နဲ့ ဓာတ်ပုံကောင်းတွေကို အတွင်းမှာရော အပြင်မှာပါ ရိုက်လို့ရပါတယ်။ ဒါပေမဲ့ phone ရဲ့ အရွယ်အစားက အသုံးပြုရာမှာ နည်းနည်းအခက်တွေ့စေပါတယ်။